လင်းလည်ကျေးရွာ

မြို့သစ်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း (၂၀၁၈ – ၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လင်းလည်ကျေးရွာ၊ မြို့သစ်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ မေလ

မာတိကာ

မာတိကာ ၁

စကားချီး ၃

လင်းလည်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မြို့သစ်မြို့နယ် ၅

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်

(၁) ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၆

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၈

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၈

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ

(ဂ) ကျန်းမာရေး

(ဃ) ပညာရေး

(င) ကျားမဆိုင်ရာ ဆက်နွယ်မှု

(၄) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ ၁၀

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

(ဇ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ ၁၄
အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၆

(က)ရည်မှန်းချက်ပန်းတိုင်

(ခ)နည်းဗျူဟာ

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ် ၁၈
ကျသော ချိတ်ဆက်မှုများ
(က)ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း
(ခ)ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၁၉
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၆

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၈
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်
အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၉
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၂
(၁) လူမှုစီးပွားရေး အခြေအနေ
(၂) ကျေးရွာ၏ **လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ**
နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေ
ကောင်းများ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမဖြေရှင်းနည်း အထိ) ၇၄

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၀၃၃ ဘဏ္ဍာရေးနှစ် အထိ ငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ လင်းလည်ကျေးရွာ၏ ကျေးရွာ သူ/သား များ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိ ပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ရွာခွဲတာဝန်ခံများနှင့် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလ များက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင် ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာ ကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏာန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏာန်း၊ အချက်အလက် များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ နားလည် သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များ ကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏာန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက် နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင် ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင် ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန၊ မြို့သစ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေ များကို

ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင် အပိုင်း (၂) ပိုင်း ပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံချက်ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။


မေလ၊ ၂၀၁၉ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လင်းလည်ကျေးရွာ

မြို့သစ်မြို့နယ်

လင်းလည်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မြို့သစ်မြို့နယ်



ရည်ညွှန်း - လင်းလည်ကျေးရွာ၊ လင်းလည်ကျေးရွာအုပ်စု၊ မြို့သစ်မြို့နယ်တွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။ (၂၀၁၉ ခုနှစ်၊ မေလ ၁၄ ရက်)

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းစဉ်

(၁) ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထား မိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုး ဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေး ဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေး စားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်း အချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေ ဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေး ဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်း များနှင့် အလှူရှင်အဖွဲ့အစည်းများ အနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမို ကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် ထည့်ဝင် နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရရှိနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံချက်များ ချမှတ်ခဲ့ကြပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်း ဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေး ရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး အစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာ အခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံချက်များကို နှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှု အပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ပထဝီဝင်အနေအထားအရ မြို့သစ်မြို့နယ်၊ မကွေးတိုင်းဒေသကြီးသည် မြန်မာပြည်၏ အလယ်ပိုင်း တွင်တည်ရှိပါသည်။ မြို့သစ်မြို့နယ်သည် မြန်မာနိုင်ငံ၏ အလယ်ပိုင်းတွင် တည်ရှိ၍ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်တွင် တည်ရှိပါသည်။ မြို့သစ်မြို့နယ်သည် မြောက်လတ္တီတွဒ် ၂၀ ဒီဂရီနှင့် ၂၂ဒီဂရီကြား အရှေ့လောင်ဂျီတွဒ် ၉၄ဒီဂရီနှင့်၉၆ဒီဂရီအကြားတွင် တည်ရှိပြီး အကျယ်အဝန်းမှာ (၆၁၂.၆၈) ကျယ်ဝန်း ပါသည်။

မြို့သစ်မြို့နယ်၏ အရှေ့ဘက်တွင် မန္တလေးတိုင်းဒေသကြီးရှိ ရမည်းသင်းမြို့နယ်တို့ နှင့် နယ်နိမိတ်ထိစပ်လျက်ရှိပြီး တောင်ဘက်တွင် မကွေးတိုင်းဒေသကြီးရှိ တောင်တွင်းကြီးမြို့နယ်တို့နှင့် ထိစပ်လျက်ရှိပါသည်။ အနောက်ဘက်တွင် မကွေးတိုင်းဒေသကြီးရှိ မကွေးမြို့နယ်တို့နှင့် ထိစပ်လျက် ရှိပြီး မြောက်ဘက်တွင် မကွေးတိုင်းဒေသကြီးရှိ နတ်မောက်မြို့နယ်တို့နှင့် နယ်နိမိတ်ထိ စပ်လျက် ရှိပါသည်။

လင်းလည်ကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့်အနေအထားတွင် တည်ရှိပါသည်။ တောင်တွင်း-မကွေးကားလမ်းမြောက်ဖက်ဇုံချောင်းနှင့် မြို့သစ်-မကွေးကားလမ်း တောင်ဖက်ယင်း ချောင်း ကြားတွင်တည်ရှိပါသည်။ လင်းလည်ကျေးရွာ၏ အရှေ့ဘက်တွင် ဒေါ်ယင်းကုန်းကျေးရွာ၊ မြောက်ဘက်တွင် နင်းကြမ်းကျေးရွာနှင့် တောင်ဘက်တွင် အောင်ချမ်းသာကျေးရွာတို့ ရှိပါသည်။ လင်းလည်ကျေးရွာ၏ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ လယ်ယာ စိုက်ပျိုးရေးလုပ်ငန်း ဖြစ်သည်။

(ခ) သဘာဝအရင်းအမြစ်များ

လင်းလည်ကျေးရွာသည် မြေပြန့်ဒေသဖြစ်၍ လယ်ယာမြေများတွင် စိုက်ပျိုးလုပ်ကိုင်ကြရာ၌ မြေဆီအသင့်အတင့် ကောင်းမွန်ပါသည်။ ကျေးရွာတွင် သဘာဝသယံဇာတ မထွက်ရှိပါ။ လယ်ယာ မြေဧက (၃၅၀)ကျော်အား နင်းကြမ်း-လင်းလည်ယင်းပွဲဆည်ရေဖြင့် စိုက်ပျိုးပြီး၊ ဧက(၅၀၈.၆၆)ကျော် အား မိုးကောင်းရေဖြင့် စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် စပါးကို အဓိကစိုက်ပျိုးကြပြီး နှမ်း၊ ကြက်သွန်၊ ကုလားပဲနှင့် ခရမ်းချဉ်တို့ကိုလည်း စိုက်ပျိုးပါသည်။

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

လင်းလည်ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၂၅၄)စုနှင့် ကျား(၄၁၈)ဦး၊ မ(၄၉၅)ဦး ရှိပြီး လူဦးရေစုစုပေါင်း(၉၁၃)ဦးရှိပါသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄/၅)ဦးခန့် ရှိပြီး ဗုဒ္ဓဘာသာ၊ မြန်မာလူမျိုးများဖြစ်ကြပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေမှာ (၇၇%)ရှိပြီး၊ လူဦးရေ စုစုပေါင်း(၁၄%)ခန့်သာ မှီခိုသူများဖြစ်သည့်အတွက် အလုပ်လုပ်ကိုင်နိုင်မှု အင်အားကြီးမားပါသည်။ ကျေးရွာရှိ အမျိုးသမီးဦးရေမှာ အမျိုးသားဦးရေထက် (၇၇)ဦးပိုများ ပါသည်။

(ခ) စီးပွားရေးအခြေအနေ

လင်းလည်ကျေးရွာ၏ ဥစ္စာဓနအဆင့် သတ်မှတ်မှုတွင် အိမ်ထောင်စု အားလုံး၏(၇၁%) ခန့်သည် ဆင်းရဲနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုများ၊ (၂၂%)ခန့်သည် အလယ်အလတ် အဆင့်ရှိသည့် အိမ်ထောင်စုများ၊ (၆%)ခန့်သည် ချမ်းသာသည့် အိမ်ထောင်စုများ ဖြစ်ကြပါသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှုနှင့် မြို့ပြဧရိယာလက်လှမ်းမီမှုမရှိခြင်းတို့ကြောင့် ကျေးရွာ၏ စီးပွားရေး အခြေအနေမှာ အဆင်မပြေလှပါ။ ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင် သော်လည်း ကျေးရွာ၏ အချမ်းသာဆုံးဟု သတ်မှတ်ထားသည့် တောင်သူကြီးများတွင် ကုန်ထုတ်လုပ်မှု နှင့်ဆိုင်သော စက်ပစ္စည်းပိုင်ဆိုင်မှုမှာ နည်းပါးပါသည်။

(ဂ) ကျန်းမာရေး

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲတည်ရှိပါသည်။ လင်းလည်ကျေးရွာတွင် တီဗွီရောဂါ ၊ ဆီးချို ၊ သွေးတိုးရောဂါ ရှိသူများအနည်းငယ်ရှိပြီး မိုးတွင်းကာလအတွင်း ဝမ်းပျက် ဝမ်းလျောရောဂါနှင့် ရာသီအကူးအပြောင်းကာလများတွင်တုပ်ကွေးရောဂါများသာအဖြစ်များပါသည်။ ကျေးရွာရှိ ကျေးလက် ကျန်းမာရေးဌာနခွဲတွင်ကုတင်နှင့်ဆေးခန်းသုံးပစ္စည်းများလုံလောက်မှုမရှိပါ။ အရေးပေါ် ကျန်းမာရေး အခြေအနေဖြစ်ပွားပါက (၂၀)မိုင်ခန့်ကွာဝေးသည့် မြို့သစ်ဆေးရုံ(သို့မဟုတ်) (၁၂)မိုင်ခန့်ကွာဝေးသည့် တောင်တွင်းကြီးဆေးရုံသို့ သွားရောက်ကုသမှု ခံယူရပါသည်။ ဆေးရုံသွားရောက်ရာတွင်လမ်းဆက်သွယ် ရေးမကောင်းမှုကြောင့်အခက်အခဲများစွာနှင့်ရင်ဆိုင်ရပါသည်။ ကျေးရွာတွင် အရေးပေါ် ကျန်းမာရေး အခြေအနေဖြစ်ပွားပါက အသုံးပြုရန်လူနာတင်ယာဉ်မရှိသည့်အတွက် နီးစပ်ရာ မြို့သစ်မြို့နှင့် တောင်တွင်းကြီးမြို့တို့မှ လူနာတင်ယာဉ်ငှားရမ်း အသုံးပြုကြပါသည်။

(ဃ) ပညာရေး

ကျေးရွာတွင် အခြေခံပညာအထက်တန်းကျောင်းခွဲရှိပါသည်။ ရွာတွင်းကျောင်းဖြစ်သဖြင့် ခြေလျှင်၊ စက်ဘီးတို့ဖြင့် တက်ရောက်ကြပါသည်။ ခရီးအကွာအဝေး(၁)မိုင်အတွင်းရှိ ကျေးရွာများ ဖြစ်ကြသော ဒေါ်ယင်းကုန်းကျေးရွာ၊ ထနောင်းဇဉ်ကျေးရွာ၊ သဲကန်ကျေးရွာ၊ အောင်ချမ်းသာကျေးရွာနှင့် သဖန်းကုန်းကျေးရွာများ တက်ရောက်နိုင်ကြပါသည်။ ကျေးရွာကျောင်းတွင် ကျောင်းသူကျောင်းသား ဦးရေ (၂၄၀)ဦးရှိပြီး ဆရာ/ ဆရာမ(၁၂)ဦးရှိ၍ ဆရာဆရာမလုံလောက်မှုရှိပါသည်။ လင်းလည်ကျေးရွာ ရှိ အထက်တန်းကျောင်းခွဲတွင်အုတ်ညှပ်တိုက် ကျောင်းဆောင်(၂)ဆောင်နှင့် သွပ်မိုးထရံကာကျောင်း ဆောင်(၃)ဆောင်ရှိသည့်အနက် သွပ်မိုးထရံကာ (၆၀x၃၀)ကျောင်းဆောင်(၁)ဆောင်သည် ကျေးရွာမှ ကိုယ်ထူကိုယ်ထစနစ်ဖြင့် စုပေါင်းဆောက်လုပ်ဆောင်ရွက်ထားခြင်းဖြစ်ပါသည်။ ယခင်နှစ်ပေါင်းများစွာ က ဆောက်လုပ်ထားသော သွပ်မိုးထရံကာကျောင်း ဆောင်(၂)ဆောင်မှာ အမိုးအကာပျက်စီးနေ၍ မိုးတွင်းကာလတွင် ပညာသင်ကြားမှု အခက်အခဲရှိနေပါသည်။ ယခုလက်ရှိ သွပ်မိုးထရံကာ ကျောင်းဆောင်အား အဆင့်မြှင့်တင်ပြုပြင် ဆောင်ရွက်ရန် လိုအပ်ပါသည်။

(ဂ) ကျားမဆိုင်ရာ ဆက်နွယ်မှု

လင်းလည်ကျေးရွာတွင် အမျိုးသားဦးရေ (၄၁၈)ဦးနှင့် အမျိုးသမီးဦးရေမှာ(၄၉၅)ဦးရှိပြီး အမျိုးသမီးလုပ်သားဦးရေမှာ အမျိုးသားလုပ်သားဦးရေထက်(၇၇)ဦး ခန့်ပိုများပါသည်။ ကျေးရွာအတွင်းဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရန် အဖွဲ့အစည်းများဖွဲ့စည်းရာတွင် အမျိုးသားများ ကော်မတီကိုယ်စားလှယ်အဖြစ်သာ အဓိကပါဝင်ဖွဲ့စည်းပြီး အမျိုးသမီးများကလည်း မိမိတို့ကူညီဆောင်ရွက်နိုင်သော လုပ်ငန်းကိစ္စအဝဝအတွက် အမျိုးသမီးရေးရာအဖြစ်ဖွဲ့စည်း ပါဝင်ကြပါသည်။

(၄) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူ ပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

လင်းလည်ကျေးရွာအတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဖွဲ့(၆)ဖွဲ့ကို ဖွဲ့စည်းထားကြပါသည်။ ကျေးရွာရှိ ဖွဲ့စည်းထားသောအဖွဲ့အစည်းများမှာကျေးရွာနာယကအဖွဲ့၊ကျေးရွာလူမှုရေးအဖွဲ့၊ ကျေးရွာအရံမီးသတ်တပ်ဖွဲ့၊ ကျေးရွာမီးလင်းရေးကော်မတီ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ ကျေးရွာအမျိုးသမီးရေးရာအဖွဲ့စသဖြင့် သက်ဆိုင်သောကိစ္စရပ်များ ဆောင်ရွက်ရန်အတွက်ရည်ရွယ် ဖွဲ့စည်းထားပါသည်။

ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီကို ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ပူးပေါင်းပါဝင်မှုဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ကြသည်။ ဤကော်မတီသည် လုပ်ငန်းကဏ္ဍအလိုက် ရည်ရွယ်၍ ဖွဲ့စည်းထားသော အဖွဲ့ငယ်များ၏ ဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ပုံမှန်အစည်းအဝေးပြုလုပ်၍ အစီအစဉ်ရေးဆွဲခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင်ကြီးကြပ်ခြင်းစသည်ဖြင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

လင်းလည်ကျေးရွာတွင် မြေယာမဲ့ (၁၀၀) အိမ်ထောင်စုရှိပြီး တောင်သူ (၁၅၃) အိမ်ထောင်စုရှိသည်။ စပါး၊ နှမ်း၊ မြေပဲ၊ ကုလားပဲနှင့် ကြက်သွန်ဖြူ/နီကို အဓိကစိုက်ပျိုးကြပြီး ၎င်းတို့အနက် စပါးကိုအဓိကထား စိုက်ပျိုးကြသည်။ စပါး တစ်ဧက အထွက်နှုန်းမှာ ပျမ်းမျှ (၆၀)တင်းနှုန်း ဖြစ်သည်။ နှမ်း တစ်ဧက အထွက်နှုန်းမှာ ပျမ်းမျှ (၁၅)တင်း၊မြေပဲတစ်ဧကပျှမ်းမျှထွက်နှုန်း(၆၀)တင်း ကုလားပဲ တစ်ဧက အထွက်နှုန်းမှာ ပျမ်းမျှ (၁၅)ပိဿာနှင့် ကြက်သွန်တစ်ဧက အထွက်နှုန်းမှာ ပျမ်းမျှ (၂၅၀၀)ပိဿာ ဖြစ်ပါသည်။

စိုက်ပျိုးမြေမှာ ယာမြေ (၅၁၃.၄၄)ဧက ရှိ၍လယ်ယာလုပ်ငန်းအတွက် တောင်သူများနှင့် လယ်ယာမဲ့များမှ လုပ်အားများကို မှီခိုအားထားရပါသည်။

မွေးမြူရေးအနေဖြင့်ကြက် ၊ ဝက်နှင့် ဆိတ်တို့ကို မွေးမြူကြပြီး စိုက်ပျိုးရေးနှင့် တွဲဖက်လုပ်ကိုင်ကြသည်။ စျေးကွက်အလုံအလောက်ရှိသော်လည်း လမ်းပန်းဆက်သွယ်ရေးမကောင်းမွန်သည့်အတွက် ဒေသတွင်းစျေးကွက်ကိုရောင်းချရပါသည်။ နှစ်စဉ်ကျရောက်သောရောဂါများကိုထိရောက်စွာ ကာကွယ်နိုင်မှုနည်းပညာဝန်ဆောင်မှုမရရှိခြင်းတို့ကြောင့် ဝင်ငွေရလုပ်ငန်းအဖြစ် မွေးမြူလုပ်ကိုင်ခြင်း မရှိပါ။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာအတွင်းတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများအဖြစ် တောင်သူငယ်များသည် စိုက်ပျိုးရေးလုပ်ငန်းများတွင် နေ့စားအလုပ်လုပ်ခြင်း၊ ပန်းရံ၊ လက်သမားလုပ်ကိုင်ခြင်းနှင့် အိမ်စေးဆိုင်ငယ်များရောင်းခြင်းတို့ကို လုပ်ကိုင်ကြပါသည်။ **(၁၂)လရာသီတွင် (၃)လကျော် (၄)လအထိ လုပ်ငန်းရပ်နားထားရသဖြင့် အစိုးရဝန်ထမ်းမှလွဲ၍ကျန်အလုပ်များမှာ ပုံမှန်ဝင်ငွေ မရှိကြပါ။ တောင်သူငယ်များအတွက် စိုက်ပျိုးရေးလုပ်ငန်းများတွင် နေ့စားလုပ်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းမှာ အဓိကဝင်ငွေရလုပ်ငန်းဖြစ်သော်လည်း မွေးမြူရေးနှင့် အခြားလုပ်ငန်းများကို တွဲဖက်လုပ်ကိုင်ခြင်းဖြင့် စားဝတ်နေရေးကို ဖြေရှင်းကြသည်။ ကျေးရွာမှ ကျပန်းအိမ်ထောင်စုများမှာ ကျေးရွာ၌အလုပ်မရှိချိန်တွင် အခြားဒေသများသို့ ကာလတိုသွားရောက် လုပ်ကိုင်ကြသည်။ ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ လုပ်အားခနည်းခြင်း၊ ပြည်တွင်းပြည်ပသို့ သွားရောက်အလုပ် လုပ်ကိုင်နေကြသည့်အတွက် အလုပ်သမား ရှားပါးပါသည်။ အသက်မွေးဝမ်းကျောင်းမှုပညာများ ကျွမ်းကျင်စွာ တတ်မြောက်ရန် နည်းပညာပံ့ပိုးမှုများ မရှိသည့်အတွက် အခြားဒေသသို့သွားရောက်၍ လုပ်သားအဖြစ် သွားရောက်လုပ်ကိုင်နေကြရသည့် အိမ်ထောင်စုများရှိပါသည်။**

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

လင်းလည်ကျေးရွာ၏ စိုက်ပျိုးရေးလုပ်ငန်းတွင် သီးနှံများ ပိုးမွှားရောဂါများ ကျရောက်ပါက ဓါတုဆေးဝါးများ အဓိကအသုံးပြုကြပြီး စနစ်တကျ ဖျက်ပိုးကာကွယ်နှိမ်နင်းမှုမရှိခြင်းနှင့် ဖျက်ပိုးကာကွယ်နှိမ်နင်းနည်းပညာ အားနည်းခြင်းများကြောင့် သီးနှံအထွက်နှုန်းအနည်းငယ် လျော့နည်းကြသည်။ စပါးစိုက်ပျိုးလယ်မြေများတွင်လည်း ရွာတွင်းမှ သဘာဝမြေဩဇာဖြစ်သည့် နွားချေးမြေဩဇာ အနည်းငယ်ကိုသာ အသုံးပြုနိုင်၍ ဓါတုဓါတ်မြေဩဇာများအား နှစ်စဉ်ဆက်တိုက် အသုံးပြုခြင်း တို့ကြောင့် စိုက်ပျိုးမြေများတွင် မြေဆီလွှာများ အဆင့်အတန်းကျဆင်းမှု ရှိပါသည်။

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် လယ်ယာမြေစိုက်ပျိုးစရိတ်အဖြစ် မြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူဦးရေ (၈၀)ဦးခန့်ကို လယ်(၁)ဧကလျှင်(၁၅၀၀၀/-)နှုန်းနှင့် ယာ(၁)ဧကကို(၅၀၀၀၀/-)နှုန်းထုတ်ချေးပေးသဖြင့် လယ်ယာမြေစိုက်ပျိုးရေးအတွက် အခက်အခဲမရှိပါ။ လယ်ယာပုံစံ(၇)မရှိသူများနှင့်(၁)ဧကအောက် တောင်သူများမှာစိုက်ပျိုးရေးစရိတ်ချေးငွေမရှိသည့်အတွက် ကျေးရွာအတွင်းရှိ ငွေတိုးချေးသူများထံမှ ငွေချေးလျှင်(၁၀%)နှုန်းနှင့်အထက် အတိုးပေးရသောကြောင့် ငွေချေးသူ ဆင်းရဲသားအိမ်ထောင်စုများနှင့် တောင်သူများမှာအကြွေးအမြဲတင်၍ မိသားစုစားဝတ်နေရေးအတွက် ဝမ်းစာလုံလောက်မှု မရှိပါ။ အတိုးနှုန်းနှင့် နှစ်ရှည်ချေးငွေရရှိမည်ဆိုပါက သာမန်ဆင်းရဲသားအိမ်ထောင်စုနှင့် တောင်သူများ မှာအဆင်ပြေချောမွေ့ပြီးမိသားစုဘဝတိုးတက်လာမည်ဟု ယုံကြည်မိပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင် အခြေခံပညာအထက်တန်းကျောင်းခွဲရှိပါသည်။ ကျေးရွာကျောင်းသို့ စက်ဘီး ခြေလျှင်တို့ဖြင့် တက်ရောက်ကြပါသည်။ ကျေးရွာကျောင်းတွင် ကျောင်းသူ၊ ကျောင်းသားဦးရေ(၂၄၀)ဦး ရှိပြီး ဆရာ/ဆရာမ (၁၂)ဦးရှိ၍ ဆရာ/ဆရာမလုံလောက်မှုရှိပါသည်။ လင်းလည်ရွာရှိ အထက်တန်း ကျောင်းခွဲတွင် အုတ်ညှပ်တိုက်ကျောင်းဆောင်(၂)ဆောင်နှင့်သွပ်မိုးထရံကာကျောင်း(၃)ဆောင်ရှိပါသည်။ အုတ်ညှပ် တိုက်ကျောင်းဆောင်(၂)တွင် ဆောင်အနက်(၁)ဆောင်မှာ ယခင်နှစ်များစွာမှ ဆောက်လုပ် ထားသော ကျောင်းဆောင်ဖြစ်သည်။ သွပ်မိုး ထရံကာ ကျောင်း(၃)ဆောင်မှာ (၆၀x၃၀)ကျောင်းဆောင် (၁)ဆောင်သည် ကျေးရွာပြည်သူများ၏ စုပေါင်းငွေကြေးလှူဒါန်းမှုဖြင့် ဆောက်လုပ်ထားခြင်းဖြစ်ပြီး ကျန်နှစ်ဆောင်မှာ ယခင်နှစ်များက ဆောက်လုပ်ထားသောကြောင့် အမိုးအကာများခိုင်ခန့်မှုမရှိတော့ပါ။ ပညာသင်ကြားရာတွင် မိုးတွင်းကာလတွင်အခက်အခဲ များစွာရှိနေပါသည်။

ကျန်းမာရေးကဏ္ဍအတွက် ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိသော်လည်း လက်ရှိ အခြေအနေတွင် ဆေးခန်းသုံးပစ္စည်းများနှင့် ကုတင်လုံလောက်မှုမရှိပါ။ ကျေးရွာတွင် ဖျားနာနှင့်သာမန် ရောဂါလောက်သာ ရွာဆေးခန်းတွင်ပြသကြပြီး မီးဖွားခြင်းနှင့် အရေးပေါ်ကျန်းမာရေးအခြေအနေများ ဖြစ်ပွားပါကအသုံးပြုရန်လူနာတင်ယာဉ် မရှိပါ။ နီးစပ်ရာ တောင်းတွင်းကြီးမြို့မှ လူနာတင်ယာဉ် ငှားရမ်းသော်လည်း လမ်းပမ်းဆက်သွယ်ရေးညံ့ဖျင်းမှုကြောင့် တောင်တွင်းကြီးမြို့နယ် ကြက်ဆူတော ကျေးရွာအထိ(၂)မိုင်ခန့်အကွာအဝေးသို့ လှည်းဖြင့်ပို့ပေးရပါသည်။ ထိုမှတဆင့် မကွေး-နေပြည်တော်သို့ သွားရောက်ကုသရပါသည်။ ခရီးစရိတ်မှာ တောင်တွင်းကြီးမြို့သို့ (၃၀၀၀၀)ကျပ်၊ ဆေးရုံတက်ပါက (၅၀၀၀၀/-) ကျပ်နှင့် ခွဲစိတ်မွေးဖွားပါက(၁၀၀၀၀၀/-)ကျပ်ကို ပက်မြန်မာမှ ထောက်ပံ့ပေးပါ သည်။

ကျေးရွာတွင်တုံကင်ရေတွင်းများမှ သောက်သုံးရေကို အသုံးပြုကြပါသည်။ ကျေးရွာရှိ အိမ်တိုင်းနီးပါးတွင် တုံကင်တွင်းများရှိကြသည်။ ရေတုံကင်မရှိသည့် အိမ်နီးချင်းများထံမှ ယူဆောင် အသုံးပြုကြသည်။ ကျေးရွာတွင်ရေတွင်း(၂)တွင်း၊ အဝီစိတုံကင် တွင်း (၁၈၀)တွင်း ရှိပြီးသောက်သုံးရေ လုံလောက်မှုရှိသည်။

ကျေးရွာတွင် လက်ရှိယင်လုံအိမ်သာ အသုံးပြုသောအိမ်ထောင်စု(၁၇၀)အိမ်ထောင်စုရှိပြီး တွင်း အိမ်သာအသုံးပြုအိမ်ထောင်စု(၂၅)စုနှင့် အိမ်သာမရှိသောအိမ်ထောင်စု(၅၈)အိမ်ထောင်စုရှိပါသည်။ အိမ်သာမရှိသည့်အိမ်ထောင်စုများမှာ နေရာကျဉ်းကြပ်နေ၍ဖြစ်ပြီး ဆွေမျိုးများနှင့် တစ်ဝိုင်းထဲနေထိုင်သူ များဖြစ်ကြသည်။ စာသင်ကျောင်းတွင်တိုက်အိမ်သာ(၂)လုံးရှိသည့်အနက်(၁)လုံးမှာ(၂)ခန်းတွဲဖြစ်သည်။ ယင်လုံအိမ်သာ(၂)လုံးရှိသည့်အတွက်အဆင်ပြေပါသည်။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

ကျေးရွာတွင် လူငယ်များ အနားယူအပမ်းဖြေရန် နေရာများမရှိသော်လည်း (၁၂)လရာသီ ပွဲတော်များအား ကျင်းပမှုရှိပါသည်။ ကျေးရွာတွင် စာကြည့်တိုက်ရှိသော်လည်း စီးပွားရေးအခက်အခဲများ ကြောင့် အလုပ်များဝင်ရောက်လုပ်ကိုင်နေခြင်းကြောင့် လူငယ်များဖတ်ရှု လေ့လာမှုမရှိပါ။ စာကြည့် တိုက်တွင် ကျောင်းတက်နေသည့်ကလေးများသာ ဖတ်ရှုမှုရှိပါသည်။ နွေရာသီကျောင်းပိတ်သည့်ကာလ (၄)လပိုင်း မှ(၅)လပိုင်းအတွင်း ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို

KGတန်းမှ ဒသမတန်းအထိ ကျောင်းသား/ သူများကိုသင်ကြားပေးမှုများရှိပါသည်။

(၈) အခြေခံအဆောက်အဦများ လက်လှမ်းမီမှု

လင်းလည်ကျေးရွာသည် မြို့သစ်မြို့နယ်အတွင်းရှိ တောင်ဖက်တွင် သဖန်းကုန်းအုပ်စု၊ မြောက်ဖက်တွင် နင်းကြမ်းအုပ်စု၊ အနောက်ဖက်တွင်ဆည်လည်အုပ်စုနှင့် အရှေ့ဖက်တွင်ပေကုန်းအုပ်စု အတွင်းတွင်ရှိသည်။ ရွာချင်းဆက်လမ်းများမကောင်းမှုကြောင့် သွားလာရေးလမ်းကြောင်းမှာ အခက်အခဲများနှင့်ရင်ဆိုင်နေရပါသည်။ လင်းလည်ကျေးရွာအတွင်းတွင် တောင်ဘက်မှ မြောက်ဘက်သို့ ဆက်သွယ်သောလမ်း (၃)လမ်းရှိပါသည်။ အဆိုပါ လမ်းများမှ တစ်ဆင့်ရွာ၏ သာရေးနာရေးကိစ္စရပ်များကို အသုံးပြုသွား လာရာတွင် မြေသားလမ်းများဖြစ်နေ၍ ကျေးရွာ၏ သာရေးနာရေးကိစ္စများ ဆောင်ရွက်ရာတွင် သွားလာရန်ခက်ခဲသည့်အတွက် ကျေးရွာသူရွာများအားလုံး မပါဝင်နိုင်ခြင်းကြောင့် ရွာတွင်လမ်း(၃)လမ်းအား ကျောက်ချောလမ်းခင်းလိုကြသည်။ ကျေးရွာတွင်းရှိ တောင်မှမြောက်သို့ ဆက်သွယ်သောလမ်း(၃)လမ်းအနက် အနောက်ဆုံးလမ်းသည် မိုးတွင်းကာလမိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်မှမြောက်သို့စီးဆင်း သောရေများမှုကြောင့် လမ်းပျက်စီးမည့်အခြေအနေသို့ ရောက်ရှိနေပါသည်။

၎င်းအပြင်ရွာလယ်ဘုန်းတော်ကြီးကျောင်းတောင်ဖက်အရှေ့မှ အနောက်သို့သွားသောလမ်းတွင် မိုးရေများသည်တောင်ဖက်သို့စီးဆင်းခြင်း၊ ၎င်းလမ်း၏တောင်ဖက်ရှိအရှေ့မှအနောက်သို့သွားသောလမ်းတွင် စီးဆင်းလာသောမိုးရေများသည် တောင်ဖက်သို့စီးဆင်းလာခြင်းကြောင့် ၎င်းတောင်မြောက်လမ်းတို့သည်လည်း ပျက်စီးနိုင်ခြေရှိနေပါသည်။ ဆေးခန်း၊ စာသင်ကျောင်းနှင့်ဘုန်းကြီးကျောင်းသို့ဆက်သွယ်သော အရှေ့ဆုံးမှတောင်မြောက်လမ်းသည် ရွာ၏အရှေ့ခြမ်းမှမိုးရေများသည် အများဆုံးဖြစ်ပြီး လမ်းမကိုဖြတ်၍ အရှေ့ဖက်သို့စီးဆင်း ရပါသည်။

လင်းလည်ကျေးရွာတွင်သွားလာရေးနှင့် သယ်ယူပို့ဆောင်ရေးအတွက် စက်ဘီး (၁၀၀)စင်း၊ ဆိုင်ကယ်(၁၁၅)စင်း၊ သုံးဘီးဆိုင်ကယ်(၁)စင်း၊ ကား(၂)စင်း၊ နွားလှည်း(၁၂၀)ရှိသည်။ အိမ်ထောင်စု (၁၃၀)ခန့်သည်မီးလင်းရေးနှင့်ပတ်သက်၍ ဘက်ထရီအိုး(၁၀၀/၁၂၀)အိုးနှင့် ဆိုလာဝပ်(၁၅၀/၁၈၀)များ အသုံးပြုကြပြီး ကျန်အိမ်ထောင်စုများမှာ ဘက်ထရီ(၂၀)အိုးနှင့် ဆိုင်ကယ်အိုးအသေးများကို မီးလင်းရေးအတွက်အသုံးပြုကြရပါသည်။ ငွေကြေးမတတ်နိုင်သည့် အဆင်းရဲဆုံးသောအိမ်ထောင်စုများသည် ဓာတ်ခဲမီးများအသုံးပြုရကြပါသည်။ ကျေးရွာလူထုသည် တယ်လီဖုန်း(၃၀၅)လုံး ၊ ရေဒီယို(၂၀)လုံး ၊ တီဗွီ(၆၅)လုံးနှင့် စလောင်း (၃၀)လုံး ရှိပါသည်။ Telenor, Ooredooတာဝါတိုင်များ ရှိသည့်အပြင် ပတ်ဝန်းကျင်ကျေးရွာများတွင် MPT, Mytelတာဝါများရှိခြင်းကြောင့် network များဆက်သွယ်ရေးကောင်းမွန်ပါသည်။

(စျ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

လင်းလည်ကျေးရွာသည် မြို့သစ်မြို့နယ်လင်းလည်ကျေးရွာအုပ်စု ရွာဖြစ်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူး(၁)ဦးသည် ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးတို့အတွက် ရပ်မိရပ်ဖများနှင့် ပူးပေါင်း၍ စီမံအုပ်ချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ပါသည်။ မြို့သစ်မြို့နယ်ဧရိယာနှင့် အလှမ်းမဝေးသဖြင့် လုံခြုံရေးဝန်ဆောင်မှုများ ရရှိပြီး ကျေးရွာတွင် ကြီးမားသော ရာဇဝတ်မှုများမရှိပါ။ကျေးရွာလူထုသည် အာမခံ

ထားရှိမှု အလှမ်းကွာဝေးနေသေးသည်။ မီးဘေးကြိုတင်ကာကွယ်ရန်အတွက် အရန်မီးသတ်တပ်ဖွဲ့ဖွဲ့စည်းထားသော်လည်း အခြားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးကော်မတီများအဖြစ် ဖွဲ့ထားခြင်းမရှိသေးပါ။

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

လင်းလည်ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေစုစုပေါင်းမှာ ကျား(၃၃၁)ဦးနှင့်မ(၃၈၀)ဦး စုစုပေါင်း(၇၁၇)ဦးဖြစ်ပြီးကျေးရွာလူဦးရေ၏(၇၀%)ရှိပါသည်။ လက်ရှိအထက်တန်းပညာ တက်ရောက်သင်ကြားနေသူ(၄၀)ဦး ၊ တက္ကသိုလ်တက်ရောက်နေသူ(၂၀)ဦး စသည်ဖြင့် တစ်နှစ်ထက် တစ်နှစ် ပညာတက်ဦးရေ များပြားလာသောကြောင့် အနာဂတ်ကာလတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် လူစွမ်းအားအရင်းအမြစ်များ ရှိနေပါသည်။ ကျေးရွာတွင် လက်ရှိလူမှုရေးအဖွဲ့(၆)ဖွဲ့ရှိနေပြီး မိမိတို့ကျေးရွာအတွက် တာဝန်ယူမှု ၊ တာဝန်ခံမှုအပြည့်ဖြင့် ဆောင်ရွက်နေသည်မှာလည်း အားရဖွယ်ဖြစ်ပါသည်။

လင်းလည်ကျေးရွာတွင် သီးနှံထုတ်လုပ်မှုနှင့်ပတ်သက်၍ ကျေးရွာတွင် လယ်(၃၅၅.၂၂)ဧက နှင့် ယာ(၅၀၃.၄၄)ဧက စုစုပေါင်း(၈၅၈.၆၆) မြေဧရာအသင့်အတင့်ကောင်းသည်။ လယ်ယာမြေဧက(၈၅၈.၆၆)ဧကအနက် ဧက(၃၅၀)ခန့်မှာ ယင်းပဲ့ဆည်ရေဖြင့်စိုက်ပျိုး ရပါသည်။

လင်းလည်ကျေးရွာတွင် ငွေကြေးဝန်ဆောင်မှုအနေဖြင့် စိုက်ဘဏ်မှ (၈၀)ဦးခန့်ကို ကျပ်သိန်း (၁၀၀၀)ချေးထားပါသည်။ လယ်ယာပုံစံ(၇)မရှိသူများနှင့် (၁)ဧကအောက် တောင်သူငယ်များမှာ စိုက်ပျိုးရေးချေးငွေ မရပါ။ လယ်(၁)ဧကကို (၁၅၀၀၀၀/-)နှုန်းနှင့် ယာ(၁)ဧကကို (၅၀၀၀၀/-)နှုန်း ရရှိပါသည်။ အတိုးမှာ(၈၀)ပြားတိုးဖြင့် (၆)လ (၁)ကြိမ်ပြန်ဆပ်ရပါသည်။

လင်းလည်ကျေးရွာတွင် ပြင်ပချေးငွေများ အနေဖြင့် ပက်မြန်မာ၊ မြေလတ်အောင်ကြယ်၊ စထာပနာအဖွဲ့များထံမှလည်းထုတ်ယူအသုံးပြုနေရပါသည်။ ကျေးရွာတွင်းရှိ ငွေတိုးချေးသူများထံမှ ချေးလျှင် (၁၀%)နှင့်အထက် အတိုးပေးရသည်။ မြို့နယ်သမဝါးစီးဌာနမှလည်း ထုတ်ယူအသုံးပြုနေရပါသည်။

မြို့သစ် ၊ တောင်တွင်း ၊ မကွေးတို့နှင့်နီးပြီး စျေးကွက်အလုံအလောက်ရှိသောလည်း လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့်စိုက်ပျိုးရေးထွက်ကုန်များကို အလွယ်တကူ မရောင်းချနိုင်ပါ။ လက်ရှိကျေးရွာတွင် လက်တွန်းထွန်စက်(၁)စင်း၊ ထွန်စက်(၂)စင်း၊ ခြွေလှေစက်(၁)ခု ကိုယ်ပိုင်ရှိပြီး အများစုမှာ ငှားရမ်းအသုံးပြုကြသည်။ စပါးကို အဓိကစိုက်ပျိုးကြပြီး နှမ်း ၊ ကုလားပဲနှင့် ကြက်သွန်တို့ကို စိုက်ပျိုးကြသည်။ သီးနှံများကို တောင်တွင်းနှင့် မကွေးပွဲရုံများသို့ သွားရောက် ရောင်းကြသည်။ အခြေခံလူသုံးကုန်ပစ္စည်းများနှင့် လူသုံးဆေးဝါးတို့ကိုဝယ်ယူရန် တောင်တွင်းနှင့် မကွေးသို့ သွားလာကြသည်။ လင်းလည်ကျေးရွာတွင် စားကျက်မြေကျယ်ပြန့်မှုရှိသဖြင့်ကျွဲ၊ နွားများ လွှတ်ကျောင်းနိုင်သည်။ ဝက်မွေးမြူရေးအနေဖြင့် တပိုင်တနိုင်သာ မွေးမြူကြပြီး ဝင်ငွေရလုပ်ငန်းအဖြစ် အဓိကထားမွေးမြူခြင်း မရှိပါ။

ကျေးရွာရှိလူငယ်များအနေဖြင့် ရပ်ရွာ၏သာရေး၊ နာရေး၊ ဘာသာရေးတို့တွင် ပါဝင်မှုရှိသော်လည်း စီးပွားရေးအခက်အခဲများကြောင့် လူငယ်အချို့သာ ပါဝင်၍ လူကြီးများမှ ဦးဆောင်မှု ပြုနေရသည်။ **ကျေးရွာတွင် လူငယ်များ အနားယူအပမ်းဖြေရန် နေရာများမရှိသော်လည်း (၁၂)လရာသီ ပွဲတော်များအား ကျင်းပမှုရှိပါသည်။ ကျေးရွာတွင် စာကြည့်တိုက်ရှိသော်လည်း စီးပွားရေးအခက်အခဲများ ကြောင့် အလုပ်များဝင်ရောက်လုပ်ကိုင်နေခြင်းကြောင့်၊ လူငယ်များဖတ်ရှုလေ့လာမှုမရှိ၊ စာကြည့်တိုက် တွင် ကျောင်းတက်နေသည့် ကလေးများသာဖတ်ရှုမှုရှိပါသည်။**

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

လင်းလည်ကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသော ကျေးရွာအတွင်းအဖွဲ့များ ရှိသော်လည်း အဖွဲ့တစ်ခုနှင့်တစ်ခု ချိတ်ဆက်ဆောင်ရွက်ခြင်း၊ စုစည်းလုပ်ဆောင် ချက်များတွင် အားနည်းမှုရှိပါသည်။ ကျေးရွာလူထုအနေဖြင့် မြို့နယ်ရှိဦးစီးဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်ရာတွင် အတွေ့အကြုံနည်းခြင်း၊ အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်မြှင့် ဝန်ဆောင်မှုအဖွဲ့များနှင့်အလှမ်းဝေးခြင်း စသည်တို့ကလည်း ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးတွင် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်ရန် အဖွဲ့အစည်းများ ရှိသော်လည်း ရွာအကျိုးကို ဆောင်ရွက်မြဲရှိသည့်ပုဂ္ဂိုလ်များကသာ ရပ်ရွာအကျိုးကို ဆောင်ရွက်နေကြ ပါသည်။

လင်းလည်ကျေးရွာတွင် စိုက်ပျိုးရေ လုံလောက်မှုမရှိခြင်း၊ ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးခေါင်ခြင်း၊ မိုးရေကြီးခြင်းများရှိခြင်း၊ ရောဂါပိုးမွှားများကို ထိရောက်စွာကာကွယ်နှိမ်နှင်းရန် နည်းပညာ လုံလောက်မှုမရှိခြင်း၊ စိုက်ဘဏ်မှ ချေးငွေရရှိသော်လည်း လယ်ကေများများပိုင်ဆိုင်သူများမှာ စိုက်ပျိုး စရိတ်မလုံလောက်ခြင်းတို့ကြောင့် သီးနှံထုတ်လုပ်မှု နည်းနေရခြင်းဖြစ်သည်။

လင်းလည်ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းအတွက် သီးသန့်ချေးငွေ ချေးပေးမှု မရှိသေးပါ။ တိရိစ္ဆာန်ရောဂါကာကွယ်ကုသရေး နည်းပညာဝန်ဆောင်မှုများမရရှိ၍ ဆုံးရှုံးမှုများရှိပါသည်။ မွေးမြူရေး သီးသန့်မွေးမြူရန် ချေးငွေထုတ်ကုန်များအတွက် ဒေသတွင်းစျေးကွက်ဖွံ့ဖြိုးမှု အနည်းငယ်အား နည်းသည်။ စားကျက်မြေ ကျယ်ပြန့်မှုရှိသော်လည်း တစ်ပိုင်တစ်နိုင်သာမွေးမြူကြသည်။ မိမိခြံထွက် တိရိစ္ဆာန်များအား လွတ်လပ်စွာရောင်းဝယ်ခွင့်မရှိ။ သားသတ်လိုင်စင်ရရန် ခက်ခဲသည်။ လိုင်စင်ရှိသူ၏ ခေါင်းပုံဖြတ်မှုခံရခြင်း၊ ဒေသတွင်းစျေးကွက်ကိုသာ မှီခိုနေရပြီး ပြင်ပသို့ သယ်ယူရောင်းချ ရာတွင် အကန့်အသတ်များရှိနေသည်။

လင်းလည်ကျေးရွာတွင် နေ့စားလုပ်ကိုင်သူများရှိသော်လည်း ကျေးရွာတွင် ပုံမှန်အလုပ်အကိုင် နှင့် ဝင်ငွေမရှိကြပါ။ ထို့ကြောင့် အချို့မြေယာမဲ့ကျပန်းလုပ်ကိုင်သူများမှာ ပြည်တွင်း၊ ပြည်ပသို့ ရွှေ့ပြောင်းလုပ်သားအဖြစ် သွားရောက် အလုပ်လုပ်ကိုင်ကြသည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်ရန် ကျွမ်းကျင်မှုမရှိကြပါ။ သင်တန်းများတက်ရန် ကုန်ကျစရိတ်မတတ်နိုင်ခြင်းနှင့် အဆက်အသွယ်များမရှိကြပါ။ သတင်းအချက်အလက် ရရှိမှုအားနည်းသည်။ အလုပ်အကိုင်အခွင့်အလမ်း နှင့် အဆက်အသွယ် အားနည်းသည်။ လက်သမား ၊ ပန်ရံ စသည့် လက်ရှိကျွမ်းကျင်မှုအချို့ရှိသော်လည်း အရင်းအနှီး နည်းသည်။ ၎င်းကျွမ်းကျင်မှုများတွင်လည်း လိုအပ်ချက်များရှိနေဆဲဖြစ်သည်။

ပညာရေးကဏ္ဍတွင် စာသင်ကျောင်းလုံလောက်မှုမရှိ။ ပညာရေးဌာန ရံပုံငွေထောက်ပံ့နိုင်မှုအားနည်းသည်။ မူလတန်းပြီးဆုံးသူများသော်လည်း ဘွဲ့ရပညာတက် နည်းပါးနေသေးသည်။

ကျေးရွာ၏ ကျန်းမာရေးကဏ္ဍတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိသော်လည်း ဆေးခန်းသုံးပစ္စည်းများနှင့် ကုတင်လုံလောက်မှုမရှိပါ။ ဗဟုတုတများလည်း အားနည်းနေသေးသည်။

အခြေခံအဆောက်အဦးအနေဖြင့် ကျေးရွာတွင် လမ်းများမှာ ရာသီမရွေးသွားလာ၍ မရသဖြင့် ကျေးရွာ၏ သာရေး၊နာရေး ကိစ္စရပ်များတွင် ကျေးရွာလူထုအားလုံး ပါဝင်နိုင်မှုမရှိပါ။

လက်ရှိကာလတွင် ကျေးရွာရှိ လူငယ်အများစုမှာ အသက်မွေးအတက်ပညာလည်း အားနည်းပြီး အလုပ်အကိုင် အခွင့်အလမ်းအားနည်းသည်။ လူငယ်များအနေနှင့် သတင်းအချက်အလက်၊ဗဟုတုတရယူရန် အခွင့်အလမ်း များရှိသော်လည်း မှန်ကန်စွာအသုံးချနိုင်မှု အားနည်းပါသည်။ မိုဘိုင်းဖုန်းဖြင့် အင်တာနက် အသုံးပြုနိုင်ကြပါသည်။ သတင်းမီဒီယာနှင့် ပညာလေ့လာသင်ယူရန် အတွက် အသုံးပြုလေ့မရှိကြသေးပါ။

ကျေးရွာတွင် လျှပ်စစ်မီးလည်း လက်လှမ်းမီစွာ အသုံးချနိုင်ကြပါသည်။ သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံ များလည်းမရှိ၊ ဗဟုတုတလည်း မရှိကြသေးပါ။ ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊မုန်တိုင်းများလည်း ကြုံတွေ့လာရသည်။ ၎င်းအပြင် မြေဆီဩဇာလျော့နည်းခြင်းနှင့် သီးနှံရောဂါပိုးမွှားများလည်း တနှစ်ထက်တနှစ် ဆိုးရွားစွာကျရောက် ဖျက်စီးမှုများလာသည်။ သဘာဝအရင်းအမြစ်များကိုလည်း ထုတ်ယူသုံးစွဲမှုများပြီး ထိန်းသိမ်းမှုအားနည်းသောကြောင့် တဖြည်းဖြည်း ရှားပါးလာသည်။

(၆) ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

ကျွန်ုပ်တို့ လင်းလည်ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျအားဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်သာယာရေး ဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲကြသော အခါ လူထုပူးပေါင်းဖော်ထုတ်သော နည်းလမ်းများဖြင့် အဆိုပါ ရည်မှန်းချက်ပန်းတိုင်နှင့် ပန်းတိုင်ရောက်ရှိရေး အကောင်အထည်ဖော်ရမည့် နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ် ခဲ့ကြပါသည်။

(က) ရည်မှန်းချက် ပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေး ပန်းတိုင်များတွင် ကျေးရွာသူ/ကျေးရွာသားများ ဝင်ငွေတိုးတက် ရေး၊ တစ်ဦးချင်းစွမ်းရည် တိုးတက်ရေးနှင့် ပညာရေးကို အလေးထားပြီး ကလေးများနှင့် လူငယ် များအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကိုလည်း အောက်ပါ အတိုင်း ရိုးရှင်းစွာ ချမှတ်ထားပါသည်။

(၁) ၂၀၂၃ခုနှစ် စက်တင်ဘာလကုန်တွင် လင်းလည်ကျေးရွာအတွင်းရှိ လျှပ်စစ်မီးရရှိရန်ကျန်ရှိနေသော အိမ်ထောင်စုများအားလုံး လျှပ်စစ်မီးသွယ်တန်းအသုံးပြုနေပြီးဖြစ်ရမည်။ ကျေးရွာ၏ အခြေခံအဆောက်အဦးများဖြစ်သည့် စိုက်ပျိုးရေးအတွက် ဆည်များအားပြုပြင်ခြင်း၊ ကျေးရွာတွင် လမ်းများအားလုံး ကျောက်ချောလမ်းများအဖြစ် ဆောက်လုပ်ခြင်း၊ စာသင် ကျောင်းဆောင်များ

ပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်း၊ အိမ်တိုင်းယင်လုံအိမ်သာသုံးစွဲခြင်း စသည့် လူမှုအခြေခံ အဆောက်အဦးများ ပြည့်စုံပြီး လူနေမှုအဆင့်အတန်း မြင့်တက်နေပြီး ဖြစ်ရမည်။

(၂) ၂၀၂၃ ခုနှစ် စက်တင်ဘာလကုန်တွင် လင်းလည်ကျေးရွာအတွင်းရှိ အိမ်ထောင်စုများသည် သီးနှံတိုးတက်ထုတ်လုပ်နိုင်ခြင်း၊ တိရိစ္ဆာန်တိုးတက်မွေးမြူနိုင်ခြင်းတို့ဖြင့် မိသားစုဝင်ငွေ တိုးတက်လာရမည်။

(၃) ပညာရည်တက်မြောက်မှု မြင့်မားလာအောင်ဆောင်ရွက်ခြင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းတို့ကြောင့် ကျေးရွာလူငယ်များ၏ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားလာရမည်။

(ခ) နည်းဗျူဟာ

လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါ အကောင်အထည်ဖော်ရေး နည်းဗျူဟာများကို ကျင့်သုံး၍ စနစ်တကျ ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

- အထက်ပါပန်းတိုင်များသို့ ရောက်ရှိရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် အစိုးရဌာနများ၊အခြားပြင်ပအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဆက်သွယ်၍ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်များအား ဦးဆောင် အကောင်အထည်ဖော်မည်ဖြစ်သည်။ ပြင်ပမှနည်းပညာ၊ငွေကြေး စသည့် အကူအညီများရရှိရေးအတွက် ဦးဆောင်မည်ဖြစ်သည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ကျေးရွာအတွင်းရှိ အခြားအဖွဲ့ ကော်မတီများဖြင့်လည်း ညှိနှိုင်း၍ တာဝန်များကို ခွဲဝေအပ်နှင်း ဆောင်ရွက်မည်။
- စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဝင်ငွေတိုးလုပ်ငန်းများအတွက် လက်ရှိလိုအပ်နေသောအရင်းအနှီး ကို ဖွံ့ဖြိုးရေးအဖွဲ့များ၊ သက်ဆိုင်ရာ အစိုးရဌာနများ ၊ ပုဂ္ဂလိကဘဏ်များ၊ ကုမ္ပဏီများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ မိမိတို့ကျေးရွာဖွံ့ဖြိုးရေး လှည့်ပတ်ရံပုံငွေထူထောင်ခြင်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါသည်။
- ကျေးရွာတွင် လက်ရှိရွာတွင်းလမ်းများ ပျက်စီးခြင်း၊ မူလွန်ကျောင်းရှိပြီး စာသင်ကျောင်းဆောင် လုံလောက်မှုမရှိခြင်း၊ ကျေးရွာဆေးခန်းတွင် ဆေးခန်းသုံးပစ္စည်းနှင့်ကုတင် လုံလောက်မှုမရှိခြင်း၊ စိုက်ပျိုးရေးအတွက် လက်ပဲ့ဆည် တိမ်ကောပျက်စီးနေခြင်းတို့ကြောင့် လူမှုအခြေခံ လိုအပ်ချက်များ ပြည့်စုံမှုမရှိကြပါ။ ထို့ကြောင့်ကျေးလက်ဦးစီးဌာန၊ဆည်မြောင်းဦးစီးဌာန၊ ပညာရေးဌာန၊ ကျန်းမာရေးဌာနတို့နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း ဖွံ့ဖြိုးရေးအဖွဲ့များ၊ ပုဂ္ဂလိကအလှူရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်သည်။

- ကျေးရွာရေရှည် ဖွံ့ဖြိုးတိုးတက်ရန်၊ အသက်မွေးဝမ်းကျောင်း ပညာများ ကျွမ်းကျင်တက်မြောက်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များ ရေးဆွဲ၍ အကောင်အထည်ဖော်ရေး စွမ်းဆောင်ရည်မြှင့်တင်ရန် လိုအပ်သည်။ ထိုသို့ စွမ်းဆောင်ရည် မြှင့်တင်ရန်အတွက် အရင်းအနှီး မတက်နိုင်ခြင်း၊ အဆက်အသွယ်အားနည်းခြင်းတို့ကြောင့်

အသက်မွေးဝမ်းကျောင်းသင်တန်းများ သင်ကြားရန် အစိုးရဌာနများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်း များ၊ ပုဂ္ဂလိကအဖွဲ့များနှင့် ချိတ်ဆက်၍ လက်တွေ့အကောင် အထည်ဖော်ရေး အစီအစဉ်ရေးဆွဲ ဆောင်ရွက်မည်။

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျ သော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါ အဖွဲ့အစည်းများသည် ကျွန်ုပ်တို့ ကျေးရွာ ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြုဖော်ထုတ် ပေးနိုင်ခဲ့ကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန် အရေးပါ ပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံ တော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ/သားများကိုယ်တိုင် အားထုတ် လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန် ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်း စသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက် ရရှိမည်ဟု မျှော်လင့်ပါသည်။

(ခ) ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ

လင်းလည်ကျေးရွာလူထု၏ လိုအပ်ချက်တစ်ရပ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြား ဝင်ငွေရလုပ်ငန်းများအတွက် လုံလောက်သော ချေးငွေများ မရရှိမှုကလည်း အဓိက ဖြစ်ပါသည်။ ကျေးရွာများတွင် ချေးငွေများ ထုတ်ချေးပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် (ကာလတိုချေးငွေ) တစ်ခုတည်းကိုသာ ဦးစားပေးဆောင်ရွက်ပေးနေသောကြောင့် ကျေးရွာရှိ မွေးမြူရေး၊ ဆင်းရဲသားမြေယာမဲ့များ အတွက်လည်း ဝင်ငွေတိုးလုပ်ငန်းများအတွက် သင့်တော်သော အတိုးနှုန်းဖြင့် ကာလရှည်ချေးငွေများ ထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ၊ ဘဏ်များ၊ ပုဂ္ဂလိကကုမ္ပဏီများနှင့် ချိတ်ဆက်လုပ်ဆောင်လိုကြသည်။ ထို့ကြောင့် ကျေးရွာသူ/သားများ လိုအပ်သောချေးငွေများ ထုတ်ချေးပေးနိုင်ရန် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ သတ်မှတ်ချက် များကို လျော့ချပြီး ဒေသလိုအပ်ချက်နှင့်အညီ ပြောင်းလဲသင့်ပါသည်။

(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာနှင့် စွေးကွက်အတွက် အထောက်အပံ့များ ဖြည့် ဆည်းပေးခြင်း

လင်းလည်ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ရပ်မှာ စိုက်မွေး ထုတ်လုပ်သူ တောင်သူများ၏ စွေးကွက်ဆိုင်ရာ သဘောသဘာဝများသိရှိမှု အားနည်းခြင်းနှင့် အရည်အသွေး ကောင်းမွန်သော ထုတ်ကုန်များ ရရှိရေးအတွက် ခေတ်မီသောနည်းပညာများ လိုအပ်ခြင်းပင် ဖြစ်သည်။ ဒေသထွက်ကုန်များကို သင့်တော်သောစွေးနှုန်းဖြင့် ရောင်းချနိုင်ရန် စွေးကွက်သဘော တရားများကို

နားလည်အောင် နည်းလမ်းပြပေးနိုင်မည့် သက်ဆိုင်ရာဦးစီးဌာနများနှင့် အဖွဲ့အစည်းများ၏ ပူးပေါင်းလမ်းပြ ဖေးမမှုများကလည်း အရေးပါလှပါသည်။ ၎င်းအပြင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ ကိုလည်း မြှင့်တင်ပေးခြင်းဖြင့် စည်သွပ်စက်ရုံများ တည်ထောင်ခြင်းဖြင့် ထွက်ကုန်များကို တန်ဖိုးမြှင့်ခြင်း၊ မြေယာမဲ့နှင့် လူငယ်များအား အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးခြင်းများ လိုအပ်ပါသည်။

ထို့အပြင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာသင်တန်းများ စီစဉ်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက ကျေးရွာများအလိုက် ပြောင်းလဲလုပ်ကိုင်ရန် လိုအပ်သောလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဝန်ဆောင်မှုလုပ်ငန်းများ စသည်တို့အတွက် လိုအပ်သော ကျွမ်းကျင်မှုအသစ်များအလိုက် စွမ်းဆောင်ရည် မြှင့်တင်ခြင်း များဖြင့် ချိတ်ဆက်ရန် လိုအပ်ပါသည်။ သက်ဆိုင်ရာ ဦးစီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ချေးငွေအစီအစဉ်များဖြင့် ချိတ်ဆက် လုပ်ဆောင်ပေးနိုင်ပါက မြန်ဆန်စွာ တိုးတက်လာစေပါမည်။

ကျွန်ုပ်တို့ ကျေးရွာတွင်ဒေသထွက်ကုန်ကြမ်းများကိုသာရောင်းချမည့်အစား အရည်အသွေးရှိသော တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန် နည်းပညာသင်တန်းများရရှိ ဆောင်ရွက်ခြင်းကလည်း ကျေးရွာရှိ လူသားအရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာ အသုံးချနိုင်ရုံမက ဒေသတွင်း တစ်နိုင်တစ်ပိုင် အသေးစားလုပ်ငန်းများ တိုးတက်လာစေနိုင်သောကြောင့် ကျေးရွာ၏ ဝင်ငွေရရှိမှုကို မြင့်မားလာစေမည် ဖြစ်ပါသည်။ ထို့နောက်တွင် ဒေသတွင်းအလုပ်အကိုင် အခွင့်အလမ်းများများပြားလာသည်နှင့်အမျှ တစ်ဖက်နိုင်ငံများတွင် ရွှေ့ပြောင်း လုပ်ကိုင်နေသူများ အား မိမိနေရပ်သို့ ပြန်လာ၍ လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများ တိုးတက်လာစေပြီး မိသားစုများ ပေါင်းစည်းနေထိုင် လုပ်ကိုင်နိုင်ခြင်း စသည်ဖြင့် ဒေသအတွင်း စားနပ်ရိက္ခာဖူလုံမှု တိုးတက်လာစေပြီး ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းစေရေးကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြု နိုင်ပေမည်။

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ စီမံကိန်း ငါးနှစ်တာကာလကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ် လိုအပ်ပါမည်။

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည်မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာအတွင်း ထပ်တိုး စီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှု ဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူစေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက် အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classifi-cation သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက် ရေးအတွက် လိုအပ်ပါသည်။

(ဃ) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ – စိုက်ပျိုးရေး၊ ပညာရေးကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည် ဖြင့် ခွဲခြား သတ်မှတ်နည်း ဖြစ်ပါသည်။

(၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖေါ်ပြခြင်း ဖြစ်ပါသည်။

- သာမန်အသုံးစရိတ် (Current Expenditure) ဥပမာ–လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်း လည်ပတ်စရိတ်၊ ၄ားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ –ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

(၈) ဦးစားပေးစီမံချက်များ


ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ /သား အုပ်စု (၅) စုထဲမှ (၁၀) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

လင်းလည်ကျေးရွာ၏ ဦးစားပေးစီမံကိန်းများကို ကျေးရွာတွင် ရှာဖွေတွေ့ရှိချက်များ၊ လိုအပ်ချက်များကို အခြေခံ၍ ကျေးရွာလူထုနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြပါသည်။ ဦးစားပေးစီမံကိန်းများကိုအခြေခံ၍အောက်ပါဇယားတွင်ဖော်ပြထားပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ –

ကဏ္ဍ / အကြောင်းအရာ	စီမံချက်	ရမှတ် ပေါင်း	အဆင့်	စီမံချက် အခွင့်အလမ်းနှင့် ဖော်ပြချက်	မှတ်ချက်
စိုက်ပျိုးရေး ကဏ္ဍ					
	၁။ မျိုးကောင်းမျိုးသန့်နှင့် သွင်းအားစုများရရှိအောင်ဆောင်ရွက်ရန်	၄၉	၆	• စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။	
	၂။ ဆည်မြောင်းပြုပြင်ပေးရန်	၄၅	၇	• ဆည်မြောင်းဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။	
အခြား ဝင်ငွေရ လုပ်ငန်းများ					
	၃။ ချေးငွေစီမံကိန်းများရရှိအောင်ဆောင်ရွက်ခြင်း။	၅၂	၅	• ဌာနဆိုင်ရာများနှင့် ချိတ်ဆက်၍ တင်ပြတောင်းခံခြင်း။	
	၄။ အသက်မွေးဝမ်းကြောင်းအထောက်အကူပြု(စက်ချုပ်၊ အင်ဂျင်၊ဆိုင်ကယ်ပြင်) သင်တန်းများဖွင့်လှစ်ပေးရန်	၄၁	၉	• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ရန်။	
ပညာရေး					
	၅။ စာသင်ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း။	၇၈	၂	• ကျေးရွာရှိ ကျောင်းကော်မတီအဖွဲ့မှ ဦးဆောင်၍ ပညာရေးဌာနသို့ တင်ပြဆောင်ရွက်ခြင်း။	
	၆။ ပညာရေးဝန်ထမ်းများ၊ ပရိဘောဂနှင့် ခြံစည်းရိုးကာရံပေးရန်	၆၅	၃	• ပညာရေးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ရန်။	

ကျန်းမာရေး				
	၇။ ကျန်းမာရေးဝန်ထမ်းနှင့်ပရိဘောဂ နှင့် ဆေးဝါးများရရှိရန်	၅၉	၄	• ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။
လမ်းပန်းဆက်သွယ်ရေး				
	၈။ ရွာတွင်းလမ်းကျောက်ချောခင်းခြင်း။	၉၂	၁	• သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။
လျှပ်စစ်မီး				
	၉။ လျှပ်စစ်မီးရရှိအောင်ဆောင်ရွက်ခြင်း။	၄၁	၈	• သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။
လူငယ်၊ ယဉ်ကျေးမှုနှင့် အားကစား				
	၁၀။ ဓမ္မစကူးကျောင်းနှင့်အားကစားကွင်း တည်ဆောက်ပေးရန်	၂၈	၁၀	• သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။


လင်းလည်ကျေးရွာအုပ်စု ၊ လင်းလည်ကျေးရွာ ရာသီခွင်ပြ ပြကွဒိန်
စဉ်
အကြောင်းအရာများ
တန်ခူး
ကဆုန်
နယုန်
ဝါဆို
ဝါခေါင်
ဆောင်းသစ်ကြွေကာလ
တန်ဆောင်မုန်း
နှစ်ဆန်းတော်
ပြာသို
တပို့တွဲ
တပေါင်း
၁။ ရာသီဥတု
၂။ အားလုပ်ဆောင်ချိန်
၃။ သောက်သုံးလက် စားသင်္ကြံ
၄။ အသုံးစရိတ်
၅။ ဈေးဒွေကို အာဝဇ္ဇ မှု
၆။ ဝမ်းစာ ယူသုံ့ မှု
၇။ သောက်သုံးရေ ရရှိမှု
၈။ တိရစ္ဆာန် အာဟာရရှိ မှု
၉။ တိရစ္ဆာန် ရောဂါဖြစ်ပွါး မှု
